The Kumudra Weekly

**The Kumudra Weekly, 07 January 2005**




ကျွန်တော် ရတဲ့ငွေကို အများ အကျိုးအတွက် ကျွန်တော် သုံးတယ်။ ကျွန်တော်တို့ လင်မယားရဲ့ ဝါသနာက နယ်က ကလေးတွေကို ပညာတတ်စေချင်တယ်။ ကျောင်းထားပေးတယ်။

ဘဝဇာတ်ခုံအဖုံဖုံ

# အခြားသူတွေအတွက် မွေးဖွားလာသူ

## (ဦးမောင်မောင်လှ၊ ယူနီဆက်ရုံး၊ ရန်ကုန်)

ကျော်ရင်မြင့်

[ကမ္ဘာတစ်ဝန်းလုံးမှာ ယူနီဆက် (UNICEF) ဝန်ထမ်းပေါင်း ၈၄၀၀ လောက်ရှိတဲ့အထဲက အခြားသူများအတွက် ထူးခြားစွာ စွမ်းဆောင်ပေးသူ ဝန်ထမ်း ၂၄ဦးကို ရွေးချယ် ဂုဏ်ပြုခဲ့ပါတယ်။ သည် ၂၄ ဦးထဲမှာ မြန်မာနိုင်ငံက ဦးမောင်မောင်လှ (၄၃ နှစ်) ပါဝင်တယ်။

ဦးမောင်မောင်လှ ဟာ ရန်ကုန် ယူနီဆက်ရုံးက ယာဉ်မှူးဖြစ်တယ်။ ယူနီဆက်ရုံးကို အဝင်အထွက် များတဲ့ မဆုမွန်အေးက ဦးမောင်မောင်လှကို တွေ့နိုင်ဖို့ စီစဉ်ပေးတယ်။ လုပ်ငန်းတာဝန်တွေများတဲ့ ဦးမောင်မောင်လှက ရုံးဆင်းချိန်မှာ တွေ့ဖို့ အချိန်ပေးတယ်။

ယူနီဆက်ရုံး ဝန်ထမ်း စားသောက်ခန်းမ စားပွဲမှာ သူနဲ့ ကျွန်တော် နှစ်ဦးသားထိုင်ပြီး စကားပြောတော့ ညနေ ခြောက်နာရီထိုး



ငယ်ငယ်ကတည်းက သူငယ်ချင်းတွေကို ဦးစီးခေါင်းဆောင်လုပ်ပေးတယ်။ သူတို့က ကာလသားခေါင်းလို့ ကျွန်တော့်ကို ခေါ်ကြတယ်။